# ဗုဒ္ဓအံတော် သမိုင်း



တရုပ်ပြည်သူ့ သမ္မတနိုင်ငံတော် ပိကင်းမြို့မှ

ပင့်ဆောင် လာသော

သွားတော်ဓါတ် အံတော်မြတ်

တရုပ်ပြည်သူ့ သမ္မတ နိုင်ငံတော်

ပီကင်းမြို့မှ

ပင့်ဆောင်လာသော

# ဗုဒ္ဓ အံတော် သမိုင်း

(ရမည်းသင်း သီလဝ စီစဉ်သည်)

သုဓမ္မဝတီစာပုံနှိပ်တိုက်

တိုက်နံပါတ် ၅၅၊ စင်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

၁၃၁၇



# ဗုဒ္ဓ မြတ်စွာ ဆံတော် သမိုင်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

သိဒ္ဓါ ဘဝန္တု ဇိနစက္က ဝရာဘိဝုဍ္ဎိယော။

## စကားပလ္လင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အတွင်းသို့ သာသနာတော်နှစ်ပေါင်း ၂၅၀၀-ပြည့်ရန် ၇ လနှင့် တဆဲ့ ငါးရက်အလို မြန်မာသက္ကရာဇ် ၁၃၁၇-ခု တော်သလင်း လပြည့်ကျော် ၁၄-ရက်၊ ခရစ်သက္ကရာဇ် ၁၉၅၅-ခု အောက်တိုဘာလ ၁၅-ရက်နေ့၌ ဆဋ္ဌသင်္ဂါယနာတင်ရာကာလ နှစ်ပရိစ္ဆေဒ နောက်ဆုံးရှစ်လအတွင်း သာသနာဝင်သမိုင်း၌ ဥဒါန်းထိုးလောက်သော တရုပ်ပြည်သူ့ သမ္မတနိုင်ငံတော်ကြီးမှ ဗုဒ္ဓဆံတော်မြတ် ပင့်ဆောင်ကြွလာတော်မူခြင်းသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ အလွန်ကြုံကြိုက်ခဲသော အခွင့်ကောင်းကြီးကို ရလိုက်ခြင်းပင် ဖြစ်ပေသည်။

သုစန္ဒဝတီ–ရ၁၃–၁

နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ဝင် လူကြီးမင်းအပေါင်းတို့ သည် ဗုဒ္ဓသာသနာတော်ကြီးကို မြန်မာ့ ဗုဒ္ဓဘာသာမှ ကမ္ဘာ့ဗုဒ္ဓဘာသာသို့ တက်လှမ်းနိုင်ရန်ကြိုးပမ်းရာ၌ လူသာမန်တို့ပြုလုပ်နိုင်ခဲ့သောဆဋ္ဌသင်္ဂါယနာတင်ပွဲတော်ကြီးကို ရှေးဘုန်းရှင်ကံရှင် ရာဇဝင်ဆင်ရှားသောအဓာတသတ် ကာဠာသောက ဘိရိမ္မာသောကမင်းတို့အလားကြီးကျယ်ခမ်းနားစွာကျင်းပလျက်ရှိနေစဉ် ယခုကဲ့သို့တရုပ်ပြည်သူ့သမ္မတနိုင်ငံတော်မှ အံတော်ခါတ်မြတ်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ပင့်ဆောင်လာနိုင်ခြင်းမှာလည်း ရှေးရာဇဝင် အနော်ရထာမင်းတို့၏ တိုင်းပြည်ပြု သာသနာပြုခေတ်ကို ကျော်လွှမ်းအောင်မြင်မှု တရပ်ဖြစ်ကြောင်း၊ မြန်မာ့ရာဇဝင် သမိုင်းမှတ်တမ်းတွင် ဦးဒါန်းတွင်ရစ်ပေတော့မည်။

ဤသို့သော ကြိုးပမ်းအောင်မြင်မှု အရပ်ရပ်တို့သည် နိုင်ငံတော်သမ္မတကြီး နိုင်ငံတော် ဝန်ကြီးချုပ် ဗုဒ္ဓသာသနအဖွဲ့ဝင် လူကြီးမင်းတို့၏ ဖြူစင်ပြသော စေတနာ၊ သာသနာတော်ကြီး၌ ကြည်ညိုလေးစားမှု အစလသဒ္ဓါတရားတို့ကြောင့် သာသနာတော်စောင့်နတ်များ ကူညီမစ ပေးခြင်းပေလောဟု ဤစာရေးသူ သန္တာန်၌ စွဲမြဲယူဆမိပေသည်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံဝင်တော်မူ၍ အလောင်းတော်ကို တေဇောဓာတ် လောင်ကျွမ်းတော်မူပြီး နောက် သွားတော်-၄၀ အပါအဝင် ဖြစ်သော စွယ်တော် ၄-

ချောင်းတို့တွင် လက်ျာအထက် စွယ်တော်တချောင်းကို သိကြားမင်းသည် ဒေါနပုဏ္ဏားကြီး၏ ဦးပေါင်းရစ်ကြား ဖွက်ထားသည်ကို ပင့်ဆောင်၍ နတ်ပြည် စူဠာမဏိစေတီတော်၌ ဌာပနာကြောင်း။

လက်ျာအောက် စွယ်တော်တချောင်းကို ဒေါနပုဏ္ဏားကြီးသည် ခြေကြားဖွက်ထားရာမှ ဇေယျသေန နဂါးမင်းက ပင့်ဆောင်ပြီးလျှင် နဂါးပြည် ရတနာစေတီ၌ ဌာပနာကြောင်း။

လက်ဝဲ အထက်စွယ်တော်ကို ဂန္ဓာရတိုင်းမှ ရဟန်းတပါးက ပင့်ဆောင်၍ ဂန္ဓာရတိုင်းစေတီတော်၌ ဌာပနာကာ တည်ထားကိုးကွယ်ကြောင်း။

လက်ဝဲ အောက်စွယ်တော်ကို အရှင်သာရိပုတ္တရာ၏ တပည့် ခေမမည်သော ရဟန္တာမထေရ်မြတ် ကလိင်္ဂတိုင်း ဗြဟ္မဒတ်မင်းသို့ ပေးအပ်တော်မူကြောင်း၊ ထိုမင်းလက်ထက်မှ အစဉ်အဆက် ကိုးကွယ်ကြရာ ဂုဟသီဝမင်း လက်ထက်၌ စစ်ဘေးမှ ပြေးကြရသော သ္မီးတော် ဟေမမာလာနှင့် သမက်တော် ဒန္တကုမာရမင်းသားတို့ စွယ်တော်ကို ပင့်ဆောင်၍ လင်္ကာဒီပ သီဟိုဠ်ကျွန်း မဟာသေနမင်းထံသွားကြရာ မဟာသေနမင်းနတ်ရွာစံနှင့်သဖြင့် သားတော် ကိတ္တိသိရိ မေဃမင်းထံဆက်သ၍ ၎င်းမင်းလက်ထက်မှ အစဉ်အဆက် ကိုးကွယ်ကြကြောင်း၊ သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်

ဗုဒ္ဓဝင်ပါဠိတော်ဓာတုဘာဇနီယကထာနှင့်ဒါဌာဓာတုဝင် နဠာဋဓာတုဝင်တို့၌ အသီးအသီး ပြဆိုလျက်ရှိသည်။

အဆိုပါ ကိတ္တိသိရိမေဃဝဏ္ဏမင်းမှစ၍ သတ္တမဘုဝနေက ဗာဟုမင်း၏ မြေးတော် ဓမ္မပါလမင်း တိုင်အောင် မင်းဆက်ပေါင်း (၁၀၀)ကျော်အတွင်း စွယ်တော်နှင့် ပတ်သက်သော ကိုးကွယ်မှုများကို ဗုဒ္ဓဝင် ပုင်းနိကာ သီဟိုဠ်ရာဇဝင်တို့၌သာ အနည်းငယ် ဖော်ပြကြပါသည်။

မြန်မာကျောက်စာ မှန်နန်းရာဇဝင် သမိုင်း စာတမ်းများ၌ သာလွန်မင်းတရားကြီး၏ ကုသိုလ်တော် စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော် စေတီကြီးအတွင်း၌ စွယ်တော်မြတ် သရီရဓာတ် အစစ်ရှိကြောင်းကိုကား ၎င်းစေတီကြီး၏ ရာဇမဏိ စူဠာစေတီ ကျောက်စာတွင် အတိအလင်း ပြဆိုလျက် ရှိပေသည်။

ဤသို့ဆိုလျှင် ဗုဒ္ဓရှင်တော်မြတ်၏ သွားတော်လေးဆယ် အပါအဝင်ဖြစ်သော စွယ်တော်လေးချောင်း ဓာတ်တော်မြတ်တို့၏ ကိန်းဝပ်တော်မူရာ ဌာန ဒေသ စေတီတော်များကို သံဂါယနာတင် ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် ဒါဌာဓာတုဝင် ရာဇဝင် သမိုင်းတို့က အတိအလင်း ဖော်ပြလျက် ရှိသော်လည်း မြတ်စွာဘုရား၏ ကျန်သွားတော် ၃၆-ချောင်း ဓာတ်မြတ်တို့၏ ပင့်ဆောင် ကိုးကွယ်သူနှင့် ဒေသ ဌာန စေတီ စသည်တို့ကိုကား ဗုဒ္ဓဝင်ပါဠိတော် ဓာတုဘာဇနီယ အခန်း၌ သွားတော်ဓာတ် အံတော်ဓာတ် အမွေးတော်ဓာတ် မြေသည်း လက်သည်း

ဓာတ်တော်များကို နတ်အများတို့က စကြဝဠာ အသီး အသီး အချပ်ဒေသ အသီးအသီးသို့ ယူဆောင် ပင့်သွား ကြကုန်သည်ဟု သာမညသာ ပြဆိုထားပေသည်။

သို့ဖြစ်လင့်ကစား ဤဇမ္ဗူဒိပ်ကျွန်းနှင့်တကွတိုင်းကြီး ပြည်ကြီး အသီးအသီးသို့ တန်ခိုးကြီးသော နတ်တို့ပင့် ဆောင်သွားကြခြင်းကိုကား ယုံမှားဖွယ်ရာမရှိ ပါဠိတော် ၌ တိုက်ရိုက် အဓိပ္ပါယ် ယူဆနိုင်ပေသည်၊ သို့ဖြစ်သော ကြောင့် စိနရဋ္ဌ စိန့်တိုင်းဟု ခေါ်သော တရုပ်ပြည်သူ့ သမ္မတနိုင်ငံတော်သို့ ရှေးအထက်ကျော် ကာရီကပင် သွားတော်ဓာတ်နှင့် အခြားသော သရီရဓာတ်တော်များ ရောက်နိုင်သည်ဖြစ်ကြောင်းကို ပညာရှိတို့ဝန်ခံရပေမည်၊ ၎င်းပြင် တရုပ်ပြည်ကြီး၏ အရှေ့မြောက်နယ်နှင့် ဂန္ဓာရ ပြည် အရှေ့မြောက်နယ်သို့ စတင်၍ ခရီးထွက်ခါ ဂန္ဓာရ ပြည် မြောက်ပိုင်းမှ မဟာဗောဓိသို့ ကြွရောက်တော်မူ သော အာဇာနည် တရုပ်ဗုဒ္ဓဘာသာ ရဟန်းတော် ဖါဟီ ယန်သည် မိမိရောက်ခဲ့ပြီးသောဂန္ဓာရအရှေ့မြောက်နယ် ရှိ ကာရှဂါရ်ပြည်၌ မြတ်စွာဘုရား၏ထွေးခံတော်တခုနှင့် သွားတော်ဓာတ်တဆူစေတီရှိကြောင်း ဖူးတွေ့ရကြောင်း ကို ဖါဟီယန် ခရီးစဉ် မှတ်တမ်း၌ အောက်ပါအတိုင်း ရေးသား ဖေါ်ပြခဲ့လေသည်။

၎င်းတိုင်းပြည်မှတဖန်နှစ်ဆယ့်ငါးရက်ခန့်ဆက်လက် သွားကြပြန်ရာ ကာရှဂါရ်တိုင်းပြည်သို့ ရောက်၍ ဗိုချင် အစေရှိသော ပုဂ္ဂိုလ်တို့နှင့် တွေ့ကြပြန်လေသည်၊....၎င်း

တိုင်းပြည်၌ ဘုရားရှင် ကိုယ်တော်မြတ် သုံးဆောင်တော်မူ၍ ပရိဘောဂ စေတီ အပါအဝင် ဖြစ်တော်မူသော ကျောက်ဖြင့် ပြုလုပ်ထားသော ထွေးခံ တခုရှိ၍ ၎င်း၏ အရောင်အဆင်းမှာ သပိတ်အရောင်ကဲ့သို့ ဖြစ်သောဟူ၏။

မြတ်စွာဘုရား၏သွားတော် တဆူလည်းရှိ၍ တိုင်းသူ ပြည်သားတို့သည် စေတီတော်၌ ဌာပနာတော် မူပြီးလျှင် ကိုးကွယ်ပူဇော်ကြလေသည်၊ ၎င်းပြည်၌ဟီနယာနဂိုဏ်း ဝင် ရဟန်းတော် တထောင်ကျော်တို့ သီတင်းသုံး နေကြ လေသည်.... အစရှိသဖြင့် ဗုဒ္ဓဘာသာ တိုင်းပြည်များ၏ မှတ်တမ်းခေါ် ကမ္ဘာပေါ်၌ ဘာသာအမျိုးမျိုးဖြင့် ပြန်ဆို ပြန့်နှံ့ခဲ့ပြီးသော ရဟန်းတော် ဖါ့ဟီယန်၏ ခရီးစဉ်မှတ် တမ်းအရ မြတ်စွာဘုရား၏ သွားတော်ဓာတ် စေတီကို ကိုယ်တိုင် ဖူးတွေ့ရခြင်းကို ထောက်ဆ၍ စကြဝဠာ အဆင့်ဆင့်သို့ ယူဆောင် ပင့်သွားကြသည် ဟူသော ပါဠိ တော်၌ ဤ စကြဝဠာ ဇမ္ဗူဒိပ်ကျွန်း ပတ်ဝန်းကျင် တိုင်းပြည်များ ပါဝင်ကြောင်း ထင်ရှားပေသည်။

(ပဲခူး) ဟံသာဝတီ ဓမ္မစေတီမင်းကြီး ရေးထိုးခဲ့ သော ကလျာဏီ ကျောက်စာနှင့် ရွှေမော်ဓော ကျောက် စာ သထုံရာဇဝင်တို့၌ မြတ်စွာဘုရား အလောင်းတော် ထင်းပုံထက်၌ ရှိစဉ်ကပင် အရှင်ဂဝမ္ပတိ မထေရ်သည် သွားတော် သုံးဆဲ့သုံးချောင်း(၃၃)တို့ကို ပင့်ဆောင်ခါ (သုဓမ္မပူရ)ခေါ် သထုံပြည် သီရိမာသောကမင်းကို ပေး အပ်သည်၊ သီရိမာသောကမင်းသည် သက်တင်ရေးနှင့်

ရှိသော*(ဣန္ဒကူပနိကူရ) တောင်ထွဋ်အရပ်၌ ကျောက်စေတီ ၃၃-ဆူတည်၍ ဌာပနာကြောင်း၊ ၎င်းနောက် သောဏအထေရ် ဥတ္တရထေရ်အရှင်မြတ်တို့ ကြွလာသော အခါ ထိုသွားတော်တို့ကို အရပ်ရပ်၌စေတီတည်ထားကာ ဌာပနာ၍ ကိုးကွယ်ကြကြောင်း ထိုစေတီများတွင်ဟံသာဝတီ ပဲခူး ရွှေမော်ဓော အပါအဝင်ဖြစ်ကြောင်း ဖော်ပြလျက်ရှိပေသည်။

အထက်ပါ စာတမ်း မှတ်တမ်း ရာဇဝင် သမိုင်း ဓာတုဝင်, ပါဠိတော် အဋ္ဌကထာ စကားရပ်များကို အခြေပြုလျက် မြတ်စွာဘုရား၏ ၃၆-ချောင်းသော သွားတော်တို့တွင် ၃၃-ချောင်းတို့ကို ရဟန္တာ ဂဝမ္ပတိ မထေရ် ပင့်ဆောင်ပြီးနောက်(သုဓမ္မပုရ)ခေါ် သထုံပြည်၌စေတီတည်သည်။

ရဟန်းတော် ဖါဟီယန်ခရီးစဉ်မှတ်တမ်းအရ ဣန္ဒိယ ပြည် အရှေ့မြောက်ပိုင်း ကာရှ့ဂါရ်ပြည်၌ သွားတော်ခတ်စေတီ တဆူရှိကြောင်း အခိုင်အမာတွေ့ရသည်၊ သို့ဖြစ်၍ ၃၄-ချောင်းသော သွားတော်တို့၏ ထူပဝင်ကို ဤစာတမ်းများကဆိုထားပါလျှင်စွယ်တော်၄-ချောင်း၏ ထူပဝင် မှတ်တမ်း သီးခြားရှိပြီးဖြစ်၍ လျှဉ်းပါးဘွယ် မလိုတော့ချေ၊ ကျန်သော သွားတော် ၂-ချောင်း ခတ်တော်မြတ်ကား အဘယ်အရပ်၌တည်ရှိသည်၊ အဘယ်သူ ပင့်ဆောင်သွားသည်ဟူသော ပြဿနာတရပ်ပေါ်ထွက်လာချေသည်၊

*ဂေါမာသ မြသပိတ် တောင်တန်းကို ဆိုလိုဟန် ရှိသည်။

ထိုပြဿနာ၏ သွားတော်၊ သို့မဟုတ် ဗုဒ္ဓအံတော် ၁-ဆူအကြောင်း အဖြေမှာ ရှေ့၌ ပြဆိုလတံ့ဖြစ်သော တရုတ်ပြည် သံအမတ်ကြီး ဦးလှမောင်၏ဆောင်းပါးရာဇဝင်မှတ်တမ်းကြီးက အများပြည်သူ ဗုဒ္ဓဘာသာရှင်လူတို့ ကြည်ညိုလေးစား သဒ္ဒါတရား ပွားများနိုင်ကြစေရန် နိုင်လုံသော သာဓက ယုတ္တိနှင့်တကွ အဖြေပေးလိမ့်မည် ဖြစ်ကြောင်း ဝမ်းမြောက်စွာ ရေးသားဖေါ်ပြလိုက်ရပေသည်။

# ပီကင်းမြို့ရှိ
## ဗုဒ္ဓရှင်မြတ် သုံးလူ့နတ်၏
# စွယ်တော်မြတ်သွားတော်

---

တရုပ်ပြည် သံအမတ်ကြီး ဦးလှမောင် ရေးသားချက်

ဥတုရာသီ လင်းကြည်သာယာသော နေ့တနေ့တွင် တရုပ်ပြည်၏ မြို့တော်ဖြစ်သော ပီကင်းမြို့တွင်းမှ အနောက်ဆီသို့ လှမ်းမျှော် ကြည့်လိုက်လျှင် ပင်လယ်ပြင်၌ ထင်လာသော လှိုင်းလုံးများသဏ္ဌာန် ကဗျာ ဆန်လှသော တောင်တန်းတခုကို မြူဝေဆိုင်း၍ ခပ်မှိုင်းမှိုင်းတွေ့မြင်နိုင်ပေသည်၊ ဤသည်ကားဆိုလျှင် တရုပ်ဘာသာစကားနှင့် ဂီရှန်ခေါ် ပဿုမတောင်တန်း (Western Hills) ပင် ဖြစ်ပေသည်၊ ၎င်းမှာ နှယ်နှယ်ရရမဟုတ်၊ တရုပ်ပြည်၏ ရာဇဝင်ခေတ်ကို ခေတ်အဆက်ဆက်တွင် မွမ်းမံချယ်လှယ်ပေးခဲ့၍ တကြိမ်သောအခါက ယခုရေးသားဖေါ်ပြလတ္တံ့သော ဂေါတမမြတ်စွာ၏ သွားတော်မြတ်ကိန်းဝပ်စံပယ်ခဲ့ရာ ဌာနပင် ဖြစ်ခဲ့ပေသည်။

**သွားတော် အဆူဆူ**

တရုပ်ပြည်၌ မြတ်စွာဗုဒ္ဓ၏ သွားတော်တို့ ရှိသည်ဟု ရာဇဝင်စာတမ်း မှတ်စုအစောင်စောင်တို့၌ ဘတ်ရှုခဲ့ရသည်မှာ များလှပေပြီ၊ မြန်မာရာဇဝင်၌ဆိုလျှင် ပုဂံပြည်

ရှင်အနော်ရထာဘုရင်သည် ခရစ်သက္ကရာဇ် ၁၀၄၄-ခုနှစ်လောက်တွင် ယခု ဗန်းမော်မြို့မှတဆင့် တရုပ်ဘုရင်ပိုင် နန်ကျိုနိုင်ငံသို့ စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့်ချင်းနင်းဝင်ရောက်ပြီး တာလိမြို့၌ နန်းစံသော ဦးတည်ဘွား ဘုရင်နှင့် အနူးအညွတ် ပြောဆိုပြီး ဘုရားမြတ်စွာ၏ သွားတော်တဆူကို တောင်းခံ ပင့်ယူရာ မရရှိခဲ့ကြောင်းဖြင့် အဆိုရှိလေသည်။ ထိုနောက်တဖန် ခရစ်သက္ကရာဇ် ၁၂၈၄-ခုနှစ်လောက်တွင် မောင်းဂွတ်ဘုရင်ကြီး ကူဗလေခန်သည် မာကိုပိုလိုအား အထူးသံကိုယ်စားလှယ် အနေနှင့် သီဟိုဠ်ကျွန်းသို့စေလွှတ်ကာ သီဟိုဠ်ပြည့်ရှင် ဘုရင်မင်းအား ငွေအသပြာ လက်ဆောင်များပေး၍ စွယ်တော်ကို ပင့်ယူစေရာ စွယ်တော်ကို မရဘဲ၊ ဆံသွားတော်နှစ်ဆူ၊ သပိတ်တော်တလုံး နှင့် ဆံတော်များကိုသာ ရခဲ့ကြောင်းဖြင့် မာကိုပိုလိုက မှတ်တမ်းတင်ထားခဲ့ခြင်းလည်း ရှိပေသည်၊ ထိုနောက် အင်္ဂလိပ်ဘုန်းတော်ကြီး ဂျုံးဆက် အက်(ဒ်) ကင်း(စ)က ၎င်း ကိုယ်တိုင်ရေးသား၍ ၁၈၉၃-ခုနှစ်တွင် လန်ဒန်မြို့၌ ထုတ်ဝေခဲ့သော တရုပ်ပြည် ဗုဒ္ဓဘာသာခေါ်စာအုပ်၌ ဗုဒ္ဓရှင်တော်၏ သွားတော် တချောင်းကို တရုပ်ပြည် မြောက်ပိုင်းရှိဘုရွှေဆု (Teu Shwai Ssu)ခေါ် တရုပ် ဗုဒ္ဓဘာသာကျောင်းတိုက် တခုအတွင်း၌ တွေ့မြင်ခဲ့ရကြောင်း၊ ထိုစွယ်တော်မှာ အထူးအားဖြင့် ၂-လက်မခွဲရှိ၍ အချယ်အဝန်းအားဖြင့် ၁၀+၁၁ ရှိကြောင်းဖြင့် ဖော်ပြထားပေသည်၊

အထက်တွင် ဖော်ပြခဲ့သော သွားတော်အသီးသီးတို့မှာ ယခုအချိန်တွင် အဘယ်အရပ်များ၌ ကိန်းဝပ်စံမွှယ်နေကြသည်၊ သို့မဟုတ်–အကယ်တိ ရှိကြသည်ကို သေချာဂန မသိရသော်လည်း ယခုအချိန်၌ ဝိကင်းမြို့တွင်းရှိ ကွမ်ချီတဆုခေါ် တရုပ်ဗုဒ္ဓဘာသာ ကျောင်းတိုက်အတွင်း၌ ကိန်းအောင်း စံမွှယ်နေသော သွားတော်မှာကား ယခုခေတ် လူတို့အတွက် မျက်ဝါးထင်ထင် ဖူးတွေ့ရသော သွားတော်ပင် ဖြစ်နေပေသည်၊ ထိုသွားတော်ကို မြန်မာပြည်မှ ပဌမဆုံး ဖူးတွေ့သွားခဲ့သူမှာ တရုပ်ပြည်သို့ မြန်မာ အဝယ်တော်အဖွဲ့ကို ခေါင်းဆောင် လာခဲ့သူ ဝန်ကြီး ဗိုလ်မင်းခေါင်ပင် ဖြစ်ပေသည်၊ ထိုနောက်တွင် ဝိကင်းမြို့ရှိ မြန်မာ သံအမတ်ကြီး ဦးလှမောင်နှင့် တကွ မြန်မာသံရုံးသူ သံရုံးသားများပင် ဖြစ်ပေသည်၊ သွားရောက် ကြည့်ရှု ဖူးမျှော်ခဲ့ ကြစဉ်က သံအမတ်ကြီး ဦးလှမောင်မှာ ကြည်ညိုသဒ္ဓါ ထက်သန်လှ၍ သွားတော် ကိန်းအောင်းရာ အဆိုပါ ကျောင်းတော်သို့ တရုပ်ယွမ်ငွေ–၁၀၀ (မြန်မာငွေ ၂၀၀–ခန့်) လှူဒါန်းခဲ့လေသည်။

## ပုံပန်းသဏ္ဌာန်

ကွမ်ချီတဆု ကျောင်းတိုက်သည် ခရစ် သက္ကရာဇ် ၁၇၀၀-ခုနှစ်က တည်ဆောက်ခဲ့သော အဓိကရှေးဟောင်း တရုပ်ဗုဒ္ဓဘာသာ ကျောင်းတိုက်ကြီးတခုဖြစ်၍ မြတ်စွာဘုရား၏သွားတော်မှာထိုကျောင်းတိုက်အတွင်းရှိ ဝိဋကတိုက်ဟု ခေါ်ဆိုရမည့် ၂-ထပ်တိုက်၌ အဆောက်

အဦးထရ်၏ အဆက်ဆပ်တွင် ကိန်းဝပ် စမွယ်လျက် ရှိပေသည်၊ သွားတော်ကို ဖလ်ပေါင်းချောင် တခုအ တွင်း၌ အောက်တွင် သောက်ပယ်တခုခံကာ အလျား လိုက်တင်ထား၍ အနီးကပ်ခါ ဖူးမြင်ခွဲရပေရာ အရွယ် အစား အနေအထားနှင့် ပုံပန်းသဏ္ဌာန်ကို ချင့်တွက် ခန့်မှန်းခွင့် ရခဲ့ပေသည်၊ သွားတော်သည် သာမန်လူ ပုဂ္ဂိုလ်တဦး၏ အံသွားနှင့်ဆင်တူ၍ အမြစ်မှာ သုံးချောင်း ရှိပေသည်၊ ထိပ်ဝသည် ဖြားစွတ်စွတ်ရှိ၍ စတုရန်းပုံ သဏ္ဌာန် တလက်မ ပတ်လည်ခန့်ရှိပေသည်၊ အရှည် အားဖြင့် ဆိုလျှင် ၂-လက်မခန့် ရှိ၍ လုံးပတ်အားဖြင့် ဆိုလျှင်၊ ၂-လက်မခန့် ရှိပေသည်၊ သွားတော်မှာ ဝါ မောင်းမောင်း အဆင်းရှိ၍ ထိပ်ဝ၌ နီကွက် ညိုကွက်များ ကို တွေ့မြင်ရ ပေသည်၊ ဤသွားတော်ကို တတ်သိနား လည်သော အရိုးဓာတုဗေဒ ဆရာများနှင့် စစ်ဆေး ကြည့်ရှုခဲ့ရာ ၎င်းဆရာတို့က လူသွား ဖြစ်ကြောင်းကို အတည်ပြုကြသည်ဟု ဆိုပေသည်။

**မူလဋ္ဌာပနာ စေတီတော်**

ဤ အံတော်၏ မူလတည်ရာဌာနသည် ကွမ်ချီတဆု ကျောင်းတိုက် မဟုတ်ပေ၊ ၎င်း၏မူလတည်ရာ ဌာနသည် ဤဆောင်းပါး စာစဉ်၏အစ၌ ဖော်ပြခဲ့သော ပန္နိမ တောင်တန်းပင် ဖြစ်ပေသည်၊ အဆိုပါ တောင်များကို ပီကင်းမြို့မှအနောက်ဘက်သို့ တရုပ်လီ-၃၀(၁၀-မိုင်ခန့်) သွားလိုက်လျှင် စတင်တွေ့ရှိရပေသည်၊ သွားတော်နှင့်

အတူတကွ တွေ့ရှိ လာခဲ့ရသော ဌာပနာ အောက်ခံ ကျောက်ပြားနှင့် သွားတော်ကို ထည့်သွင်း ဌာပနာခဲ့သော စန္ဒကူးသားဖြင့် ပြုလုပ်ထား၍ အလျား ၆-လက်မ အခန့် ၄-လက်မ အမြင့် ၃-လက်မခန့်ရှိ သံမပါဘဲ ပြုလုပ်ထားသော သေတ္တာကလေးတို့တွင် တရုပ်၊ တိဗက်၊ သင်္ကရိုက်ဘာသာ ၃-မျိုးဖြင့် ထိုးထားသော ကမ္ဗည်းစာများအရဆိုလျှင် ထိုသွားတော်ကို ဌာပနာရာ မူလစေတီကို အဆိုပါ ပန္တိမတောင်ရိုး၏ ပါတချူ (PaTa Chu) ခေါ်နေရာတွင် တရုသောတောင်ခါးပန်း၌ ခရစ်သက္ကရာဇ် ၉၄၈-ခုနှစ်၊ လျော(Liao)မင်းများလက်ထက်တွင် တည်ထားခဲ့လေသည်။

လျော်မင်းများသည် မြန်မာရာဇဝင်၌ အနော်ရထာမင်းနှင့် ခေတ်ပြိုင်ဖြစ်၍ ခရစ် သက္ကရာဇ် ၉၁၇-မှ ၁၁၂၅-ခုနှစ် အထိ ပီကင်းမြို့ကို မြို့တော်အဖြစ် ထား၍ တရုပ်ပြည် မြောက်ပိုင်း (မြစ်ဝါမြစ် အထက်ပိုင်း) ကို စိုးမိုးအုပ်ချုပ်၍ တန်ခိုးကြီး ထင်ရှားသော မင်းဆက်တခု ဖြစ်ခဲ့ပေသည်၊ လျော်မင်းများသည် ကီတန်ခေါ် လူမျိုးစုတို့၏ အကြီးအမှူးများဖြစ်ခဲ့ကြပေသည်၊ ကီတန်လူမျိုးတို့မှာ ဟွတ်ရှဝါအနွယ်များဖြစ်ကာ မန်ချူးလူမျိုးတို့နှင့်သွေးသားတော်စပ်၍ ရုရှားတို့ကရင်းလူမျိုးတို့အား တွန်းဂွတ်(ဇ်) ဟု ခေါ်ခဲ့ကြ၏၊ ၎င်းတို့မှာ အစပဌမ၌ အညာကြ မထင်မရှားနေထိုင်ခဲ့ကြ၍ ထန်မင်းဆက် (ခရစ် သက္ကရာဇ် ၆၁၈-၉၀၆) ပြုတ်ကျသောအခါ တန်ခိုး ထွားလာခဲ့ကြပေသည်၊ လျော်မင်းဆက်ကို စတင် တည်

ထောင်သူမှာနောင်အခါ၌မင်းဆက်ဘွဲ့ကိုယူ၍ 'ထိုင်တဆု' ဟု ခေါ်တွင်သူ 'ရယ်လူအပေါက်' ဆိုသူပင်ဖြစ်ပေသည်၊ ရာဇဝင်အဆိုအရ အပေါက်သည် ၎င်း၏မြို့တော်အဖြစ် လျောရန်း(ဂ်)မြို့ကို ထားခဲ့လေသည်၊ သို့ရာတွင် ၎င်းအား ဆက်ခံသူသည် ခရစ်သက္ကရာဇ် ၉၃၈-ခုနှစ်တွင် မြို့တော်ကို ဝိကင်းမြို့ မြောက်ဘက် အနည်းငယ်မျှသာ ကွာဝေးသော နေရာ တနေရာသို့ ရွှေ့ပြောင်းခဲ့ သည်ဟု ဆို ပေသည်။

**လျောမင်းဆက်များ**

ဤသွားတော်ကို ဥာပနာရာ မူလစေတီတော်ကို ခရစ်သက္ကရာဇ် ၉၄၈-ခုနှစ်တွင် တည်၍ လျောမြို့တော်ကို ဝိကင်းမြို့ အနီးသို့ ရွှေ့ပြောင်းသည်မှာ ခရစ်သက္ကရာဇ် ၉၃၈-ခုနှစ် ဖြစ်သည်ဟုဆိုရာ အဆိုပါသက္ကရာဇ် ၂-ခု ကို ကိုက်ဆိုင် ကြည့်ခြင်းအားဖြင့် အဆိုပါ စေတီကို လျောမင်းဆက်၏ ဒုတိယမြောက်မင်း လက်ထက်တွင် တည်ထားသည်ဟု ယူဆရပေသည်၊ လျောမင်းများသည် ဗုဒ္ဓဘာသာဝင်များဖြစ်၍ ဘုရားတရား၌ လွန်စွာကြည်ညိုကြသူများဖြစ်ကြောင်းဖြင့် သိရပေသည်၊ စင်စစ်ပြောရလျှင် ၇-၈-၉-နှင့် ၁၀-ရာစုနှစ်များသည် တရုပ်ပြည်မြောက်ပိုင်း၌ ဗုဒ္ဓဘာသာလွန်စွာထွန်းကားအားကောင်းသော အချိန်အခါပင်ဖြစ်ပေသည်၊ ခရစ်သက္ကရာဇ်-၆၁၈ မှ-၉၀၆ အထိ စိုးစံသွားခဲ့ကြသော ထန်မင်းဆက်၏ မင်းများသည် စကားပုံတွင်ရစ်အောင်ပင် ဘုရားတရား

ကြည်ညိုကြသူများ ဖြစ်ခဲ့ကြပေသည်၊ ထန်မင်းဆက် နောက်ပိုင်းတွင် ပေါ်ထွက်လာသော လျောမင်းများမှာလည်း ထန်မင်းများကဲ့သို့ပင် ဘုရား တရား ကြည်ညိုကိုင်းရှိုင်း ကြသူများ ဖြစ်ခဲ့ကြပေသည်၊ ထိုမင်းဆက်များ၏ အချိန် အခါမှာ မြန်မာပြည်၏ပုဂံခေတ်မှာကဲ့သို့ပင် စေတီ ပုထိုး ဘုရား ကျောင်းကန် အများအပြားကို တည်ဆောက်ခဲ့ သော အချိန်အခါပင် ဖြစ်ခဲ့ပေသည်၊ယခု သွားတော်မြတ် ကို ဌာပနာသော စေတီ အပါအဝင် ထိုပုထိုး စေတီ ကျောင်းတိုက်များကိုလည်း အများအားဖြင့် ပီကင်းမြို့ အနောက်ဘက် (Western Hills) ခေါ် ပစ္ဆိမ တောင် တန်းရှိ ပါတချု ခေါ်နေရာတွင် တည်ထားကိုးကွယ်ခဲ့ကြ လေသည်။

**ကျောင်းတော်ရှစ်ခု ပါတချု**

ပစ္ဆိမတောင်တန်းများသည် နွေအခါ၌ နေရောင်နှင့် ရွှေပြောင်ပြောင် တောက်ကာ ဆောင်းအခါ၌မူ နှင်းဖတ် များဖုံး၍ ငွေလုံးကြီးများသဏ္ဌာန်ရှိ၏၊ စိမ်းစိုသော သစ် ပင်ကြီး,ငယ်တို့ဖြင့် တန်ဆာဆင်အပ်သဖြင့် သာယာစိုပြေ ပြီးလျှင် လွန်စွာတိတ်ဆိတ်ငြိမ်သက်ကာ သူတော်ကောင်း တို့ အကြိုက် အမြိုက်တရား ပွါးများ အားထုတ်စရာ ကောင်းသော နေရာတခုဖြစ်ခြင်းကြောင့် ထန်မင်း လျော မင်းတို့အတွက် စေတီ ပုထိုး ကောင်းမှု ကုသိုလ်တော်များ တည်ရန် ဤနေရာကိုမှ ရွေးချယ်ခဲ့ကြခြင်းကို ကောင်းစွာ နားလည်နိုင်ပေသည်၊ ဤနေရာ၌ အမိကရ ဗုဒ္ဓဘာသာ

ကျောင်းဘိုက်ကြီး ရှစ်ခုရှိပေသည်၊ ၎င်းကျောင်းတိုက်ကြီး ရှစ်ခုကို အစုပြု၍ ဤနေရာကို ပါတချူဟု ခေါ်တွင်ခဲ့ကြပေသည်၊ (တရုပ်ဘာသာ စကား၌ "ပါ" သည် ရှစ်ခုဟူ၍၎င်း၊ "တ" သည် ကြီးသောဟူ၍၎င်း၊ "ချူ" သည် နေရာဟူ၍၎င်း အဓိပ္ပါယ်ရှိ၏)။ ထိုကျောင်းတိုက်ကြီး ရှစ်ခုမှာ(၁)ပါချူတွန်၊ (၂)ဆန်ကောတဆု၊ (၃)လွန်ဝန်တန်၊ (၄) တာပေတဆု၊ (၅) ဆင်ရှန်အန်၊ (၆)လင်ကွမ်တဆု၊ (၇)ကျန်အန်တဆုနှင့် (၈) ဗိမိယန်တို့ဖြစ်ကြပေသည်၊ ၎င်းတို့အထဲတွင် နံပါတ် (၁) ပါချူတွန်မှာ တောင်ထိပ်တွင် တည်၍ ကျန်သောကျောင်းတိုက်များမှာ ပါချူတွန်၏ အောက်ဘက် တောင်စောင်း တောင်နိမ့်တောင်ဖြတ်များပေါ်တွင် တည်ရှိကြလေသည်၊ ဤနေရာသည် တရုပ်ပြည်၏ စစ်ကိုင်းတောင်မျိုးပင် ဖြစ်သည်ဟု ဆိုရပါမည်၊ ထိုကျောင်းတော်ကြီးရှစ်ခုအနက် လင်ကွမ်တဆုကျောင်းတိုက်ကြီးမှာအလှအပဆုံးပင်ဖြစ်ပေသည်၊ ၎င်းမှာ ယခုဖော် ပြချက်ရှိသော မြတ်စွာ သွားတော်နှင့်များစွာ ဆက်သွယ်ချက် ရှိပေသည်။

**စေတီမှု**

အံတော်မြတ်ကို ဌာပနာ၍ တည်ထားရာ မူလစေတီတော်သည် ခရစ် သက္ကရာဇ် ၁၉၀၀-ခုနှစ်တွင် ပြည်တွင်းစစ် ဖြစ်ပွါး၍ ပျက်စီးပြိုကျသွားခဲ့သည်ဟု ဆိုပေသည်၊ ဤအချက်နှင့်ပတ်သက်၍ ရာဇဝင်မှတ်တမ်းများကို ရှာဖွေကြည့်ရှုသောအခါ ဂျူးလီယက်ဘရီဒွန်ဆိုသူ၏

ဝိကင်းမြို့အကြောင်း မှတ်တမ်းများတွင် ဤသို့တွေ့ရှိရပေသည်၊ ဂျူးလီယက်ဘဲဒ်ဂွန်က ပါ်တချူဂြ်ကျောင်းတော်ကြီး ရှစ်ခုအကြောင်းကိုဖော်ပြရာ၌ လင်ကွမ်တဆုမြန်မာအနက်အဓိပ္ပါယ်အားဖြင့်''ထူးဆန်းသော အဲလင်းရောင်ကျောင်းတိုက်''သည် အလှအပဆုံးဖြစ်၍ ၁၁၆၂-ခုနှစ်တွင် ကျင်းမင်းများ (Chins) လက်ထက်၌ တည်ဆောက်ခဲ့ခြင်း ဖြစ်ပေသည်၊ ၎င်းကို မင်း(ဂ်) ဘုရင်များ (Mings)က ပြုပြင်မွမ်းမံခဲ့ကြလေသည်၊ မင်း(ဂ်) ဘုရင်များမှာ ဤကျောင်းတော်များ တည်ရာ ကုသိုလ်တော်ချောင်နှင့် အထူးတလည် ဆက်သွယ်ခြင်း ရှိခဲ့ကြပေသည်၊ ရှိပုံမှာ ဆွေဝေခေါ် ၎င်းတို့၏မင်းသမီးတပါးကို ဤလင်ကွမ်တဆုကျောင်းတော်အတွင်း၌မြှုပ်နှံ သင်္ဂြိုဟ်ခဲ့ကြ၍ ၎င်းကျောင်းတော် အထက်ရှိ တောင်ကို ဆွေဝေရှန်(ဆွေဝေတောင်)ဟု အမည်တွင်စေ ခဲ့ကြလေသည်၊ မင်းသမီး၏ သင်းချိုင်းမှာ ပျောက်ကွယ်၍ သွားခဲ့ပေပြီ၊ ထို့နည်းတူစွာပင် ထိုနေရာဒေသ၏ ထူးခြား တင့်တယ်လှသော အင်္ဂါ်အမှတ် သဘွယ်ဖြစ်၍ လင်ကွမ်တဆုကျောင်းတော်၏ ကြက်သရေကို ဆောင်လျက်ရှိခဲ့သော လှပသည့်စေတီဖြူသည်လည်း ခရစ်သက္ကရာဇ် ၁၉၀၀-ခုနှစ်တွင် နိုင်ငံခြားသား စစ်တပ်များ ဖျက်ဆီးခြင်းကို ခံခဲ့ရ၍ ကွယ်ပျောက်သွားခဲ့ပေပြီဟု ဂျူးလီယက်ဘရိဒ်ဂွန်က ဆိုထားပေသည်၊

ဤဖျက်ဆီးမှုနှင့် ပတ်သက်၍ အနည်းငယ် ရှင်းလင်းပေါ်ဖြရမည်ဆိုလျှင် ခရစ်သက္ကရာဇ် ၁၉၀၀-ခုနှစ်၊

မန်ချူးမင်းဆက်၏ နောက်ဆုံးမင်းဆက်မတိုင်မီ ပီကင်းမြို့တွင် စိုးမိုးအုပ်ချုပ်ခဲ့သော နာမည်ကျော် တဖုရှီခေါ် ဘုရင်မကြီး လက်ထက်၌ ဘောက်ဆာ သူပုန် (Boxer Rebellion) ထကြွခဲ့ရာ ၎င်းကို တိုက်ခိုက်နှိမ်နင်းရန် နိုင်ငံပေါင်းစုံ စစ်တပ်တတပ်ကို နိုင်ငံခြားအစိုးရများက တီယန်ဆင်မြို့မှ ပီကင်းမြို့နယ်သို့ စေလွှတ်ခဲ့ကြလေသည်၊ ဘောက်ဆာ သူပုန်များသည် ပီကင်းမြို့ အနောက်ဘက် ပစ္စိမ တောင်တန်း တောတန်းများသို့ ပြေးသွားခိုအောင်းခဲ့ကြရာ ပါတချူကျောင်းတိုက်များရှိ ဘုန်းတော်ကြီးများက အကာအကွယ် ပေးခဲ့ကြ လေသည်၊၎င်းတွင် နိုင်ငံခြား စစ်တပ်များက သူပုန်များကို လိုက်လံနှိမ်နင်းရာ၌ ပစ္စိမတောင်တန်းသို့ ရောက်ရှိပြီး သူပုန်သူကန်များကို အကာအကွယ် ပေးရမည်လောဟု ဘုန်းတော်ကြီးများအား အပြစ်တင်၍ ဘုရား ပုထိုးစေတီများကို ဖျက်ဆီးခဲ့ကြလေသည်။

**မွေတော်စစ်မြတ် ဗုဒ္ဓခေတ်**

ဂျူးလီယက်ဘရီဒွန်၏ မှတ်တမ်းများကို ထောက်ရှုလျှင် ယခုသွားတော်ကို ဌာပနာ၍ တည်ခဲ့သော မူလစေတီမှာ နိုင်ငံခြား စစ်တပ်များ ဖျက်ဆီး၍ ပျက်စီးသွားခဲ့သောလင်ကွမ်တဆုကျောင်းတိုက် အထက်တောင်ပေါ်ရှိ ပုလဲရောင်ထင် ဘုရားဖြူပင် ဖြစ်လိမ့်မည်ဟု ယူဆရန်ရှိပေသည်၊ စုံစမ်းသိရသမျှမှာ ဌာပနာထားရာ စေတီသည် ဖျက်ဆီးခြင်း ခံရပြီးနောက် သွားတော်ကိန်းဝပ်သော ဌာပနာကြုတ်သည် စေတီမှ ပြိုကျသော အုတ်ခဲ

ကျောက်ခဲများ အောက်တွင် မွေတော်စစ်မြတ် ဗုဒ္ဓဓာတ် ဖြစ်သည့်အား လျော်စွာ အသိအမှတ် အပျက်အစီးမရှိ ဘဲ ကာလအတန်ကြာအောင်ပင် ကိန်းအောင်းနေခဲ့ရာ မည်သူမျှ မသိရှိခဲ့ကြပုံ ဆိုလေသည်၊ ထိုနောက် တရုပ် ပြည်သစ်၏ ရှေးဟောင်းပစ္စည်း ရှာဖွေရေးဌာနမှ ရာဇ ဝင်သမိုင်းအရ ထိုစေတီအပြိုအပျက်ကို ရှင်းကြရာတွင် ဌာနကြီးတက်ယယ်ကို ကျောက်သေတ္တာကြီး အတွင်း၌ တွေ့ရှိကြ၍ ကမ္ပည်းစာတမ်းများကို ဘတ်ရှုကြည့်သော အခါ မြတ်စွာဗုဒ္ဓ၏ သွားတော်စစ် ဖြစ်ကြောင်း ထင် လင်း သိရှိကြကာ တောင်ခြေရှိ လင်ကွမ်တဆုကျောင်း တော်သို့ ပင့်ဆောင်၍ ကိုးကွယ် ထားခဲ့ကြလေသည်၊ ထိုနောက် များမကြာမီကမှ ပီကင်းမြို့အတွင်းရှိ ယခုသွား တော်မြတ် စံမြန်း ကိန်းအောင်းတော်မူရာ ကွမ်ချီတဆု ကျောင်းတော်သို့ ပင့်ဆောင် ယူငင်လာခဲ့ကြ ပေသ တည်း။

ဤသွားတော်မြတ်နှင့် ပတ်သက်၍ နောက်ဆုံး သိရ သမျှဆိုလျှင် သမ္မတကြီး ဒေါက်တာဘဦးနှင့် ဝန်ကြီး ချုပ် ဦးနုတို့၏ လိုအင်ဆန္ဒအရသံအမတ်ကြီးဦးလှမောင် ၏ ကြိုးပမ်းချက်ကြောင့် တရုပ်ပြည်ဝန်ကြီးချုပ် ချောင် အင်လေးက အထက်ပါ သွားတော်မြတ်ကို မြန်မာပြည်သို့ မကြာမီ ပို့ပေးလိမ့်မည်ဟု သိရှိရကြောင်း။ ဆောင်းပါး။

ဤသို့လျှင် ပဂံခေတ် အနော်ရထာမင်းတရားနှင့်ခေတ် ပြိုင် ခရစ်သက္ကရာဇ် ၉၃၇-ခုမှ ၁၁၂၅-ခုအထိ တရုပ် ပြည်မြောက်ပိုင်းကို စိုးမိုးအုပ်ချုပ်လာခဲ့ကြသော လျော

မင်းများ၏လက်ထက်မှ ယနေ့အခါ တရုပ်ဗုဒ္ဓဘာသာဝင် အပေါင်းတို့ အမြတ်တနိုး ကိုးကွယ်ဆည်းကပ် လာကြသည့် မြတ်စွာဘုရား၏ သွားတော်ခါတ် အံတော်မြတ်ဖြစ်သည်၊ တရုပ်ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ်တော်ကြွမ်း ချိတအလခေါ် ဘုန်းတော်ကြီးကျောင်းတိုက်ကွင်း ကိန်းဝပ်စံမွယ်တော်မူရာမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီးနှင့်နိုင်ငံတော်ဝန်ကြီးချုပ်တို့၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားတို့ ဖူးမျှော်ကြည်ညိုခွင့် ရရှိကြပါစေဟူသော သမ္မာဆန္ဒနှင့်အညီ တရုပ်ပြည်ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလှမောင်၏ ကြိုးပမ်းချက်ကြောင့် မြန်မာပြည်သို့ ပင့်ဆောင်ပူဇော်ရန် တရုပ်ပြည်သူ့ သမ္မတနိုင်ငံတော် အစိုးရတို့က ခွင့်ပြုလိုက်လျှောပြီးဖြစ်ပေသည်။

ထိုသွားတော်ခါတ် အံတော်မြတ်ကို မြန်မာ့အင်ပိုင်ရာ သာသနာကို ပဋ္ဌမဆုံး တည်ထောင်ခဲ့သော အနော်ရထာမင်းစော ကိုယ်တိုင် ကြိုးပမ်းခဲ့ဘူးသော် လည်း အောင်မြင်ရမှု မရှိခဲ့ပေ၊ ဘုရင့်နောင်ခေတ် အင်းဝခေတ် အလောင်းဘုရားခေတ် ကုန်းဘောင်ခေတ် တို့၌လည်း ဤကဲ့သို့ အခွင့်အရေးမျိုးကို မရရှိခဲ့ကြပေ။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ရာဇဝင် ပဋ္ဌမခေတ် ဆန္ဒသင်္ဂါယနာတင်နှစ်ဟု အနာဂတ်ရာဇဝင် ဥဒါန်းတွင်မည့် ဤအချိန်အခါမျိုးတွင် တိုင်းသူပြည်သားတို့ ကံစေတနာ သဒ္ဓါတရားနှင့် ဗုဒ္ဓသာသနာတော်၏ အနန္တဂုဏ်ကြောင့် ထူးကဲမွန်မြတ်လှသော ဗုဒ္ဓမြတ်စွာ၏ သွား

တော်ဓာတ် အံတော်မြတ်ကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ဗေဒါးနော်ကြီးချုပ် သတိုး သီရိ သုဓမ္မ ဦးသိန်းမောင် ကြီးမှူးသော မြန်မာဗုဒ္ဓဘာသာ ပင့်ဆောင်ရေးအဖွဲ့က မြန်မာသက္ကရာဇ် ၁၃၁၇-ခုနှစ် တော်သလင်းလဆုတ်၁၄-ရက် ခရစ်သက္ကရာဇ် ၁၉၅၅ ခုနှစ် အောက်တိုဘာလ ၁၅-ရက်နေ့တွင် လေယာဉ် ခရီးဖြင့်ပင့်ဆောင်၍ နိုင်ငံတော်သမ္မတကြီးလက်သို့ ဖူး မျှော်ကန်တော့ရန် ပေးအပ်ဆက်သပြီးလျှင် နိုင်ငံတော် သမ္မတကြီးမှတဆင့် တိုင်းသူပြည်သားတို့ ဖူးမြော်ကြည် ညိုနိုင်ကြရန် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ပဌမဥက္ကဋ္ဌကြီး သတိုး သီရိသုဓမ္မ ဆာဦးသွင် လက်သို့ ပေးအပ်ခါ တိုင်းသူ ပြည်သားတို့ ပူဇော်နိုင်ကြပြီ ဖြစ်ကြောင်း။

အထက်ပါ ဆောင်းပါး အဋ္ဌပ္ပုတ် ပါဠိတော် အဋ္ဌ ကထာ ရာဇဝင် သမိုင်း စကားများကို ကောက်နုတ်၍ သုတေသန ဉာဏ်ပဏ္ဍာ ဖြန့်သည့်အခါ-

၁။ စွယ်တော် ၄-ချောင်းမှာ အသီးအသီး ပင့်ဆောင် ကိုးကွယ်ပြီး စေတီသမိုင်း မှတ်တမ်း အခိုင်အမာ ရှိပြီး ဖြစ်ခြင်း။

၂။ သွားတော် ၃၃-ချောင်းကို ရဟန္တာ ရှင်ဂဝမ္ပတိ မထေရ်မြတ်ပင့်ဆောင်ပြီး သုဝဏ္ဏဘူမိ သုဓမ္မပုရ သထုံမြို့ တောင်တန်း၌ တည်ထား ကြောင်း ကျောက်စာ ရာဇဝင် သမိုင်း ရှိခြင်း။

၃။ ရဟန်းတော် ဖါဟီယန် မထေရ်မြတ်၏ မှတ်တမ်း၌ ကုန္တြီယပြည် အရှေ့မြောက်ပိုင်း ကာရှဂါရ် မြို့၌ သွားတော်တဆူ ရှိကြောင်း ဆိုသည်။

၄။ မောင်းဂွတ် ဘုရင်ကြီးသည် မာကိုပိုလိုအား သံအဖြစ်စေလွှတ်၍ သီဟိုဠ်ဘုရင်ထံမှ သပိတ်တော် အံသွားတော် ၂-ဆူနှင့် ဆံတော်များရခဲ့ကြောင်း မာကိုပိုလို မှတ်တမ်း၌ အထင်အရှား ရှိခြင်း။

၅။ အင်္ဂလိပ် ဘုန်းတော်ကြီး ဂျူးဇက်အက်ဒစ်ကင်း ၁၈၉၃-ခုနှစ် လန်ဒန်မြို့၌ ထုတ်ဝေသော တရုပ်ပြည်ဗုဒ္ဓဘာသာခေါ် စာအုပ်တွင် ဗုဒ္ဓရှင်တော်၏ သွားတော်တချောင်းကို တရုပ်ပြည် မြောက်ပိုင်း တူရွှေတဆုခေါ် တရုပ်ဘုန်းတော်ကြီး ကျောင်း၌ ဖူးတွေ့ခဲ့ရကြောင်း အခိုင်အမာ ဆိုခြင်း။

၆။ ဝင်းသွားတော်၏ မူလစေတီ ပြိုပျက်ရာ ဌာပနာသေတ္တာ၌ တရုပ် တိဗက် သင်သကြိုဠ် ဘာသာ ၃-မျိုးဖြင့်သွားတော်ဖြစ်ကြောင်း ရေးသားမော်ကွန်းတင်ခဲ့ခြင်းတို့သည် ဗုဒ္ဓမြတ်စွာ သွားတော်ခာတ် အံတော်မြတ်ဖြစ်ကြောင်း သုတဂဝေသီသုတေသနတို့ အတွက် အငြင်းမပြတ် နိုင်သော အဆုံးအဖြတ် ပိုနို့ဆွယချထားနိုင်မည့် မှတ်တမ်းတို့ဖြစ်ပေသည်။

ဤသို့ ဖေါ်ပြပြီးဖြစ်သော သုတေသန စာပေဆောင်းပါး အမြုတေတို့ဖြင့် ဗုဒ္ဓရှင်တော်မြတ်၏ သွားတော်

ဓာတ် အံတော်မြတ် အစုံအပြွတ်ကို သိရှိနားလည် ပူဇော်နိုင်ကြလေပြီ။

> ဘုရားလူ့ဘ၊ ရနိန္ဒလျှင်၊ မိန်းမယောကျ်ား၊ ဆိုစကားကို၊ မကြားစကောင်း၊ မဆိုတောင်းလျှင်၊ အကြောင်းဆောင်သွေး၊ ဆိုတုံ့သေးရှင့်၊ ''ဆိုရေးရှိက၊ ဆိုအပ်စွတည်း၊ ဆိုစမျှားလျှား၊ ထားပချေမိ၊ ငါ့ဝန် ရှိခဲ့''၄ ဟူသော ပညာရှင်တို့၏ သိဟာနာဒ ကဗျာနှင့်အညီ–

ယခုအခါ ပိဋကင်းမြို့မှ ပင့်ဆောင် ကြွလာတော်မူသော သွားတော် ဓာတ်သည် သွားတော်ဓာတ် ဖြစ်မည်လော့? အံတော်ဓာတ် ဖြစ်မည်လော့? သွားတော်ဓာတ် ဖြစ်ခဲ့လျှင် မည်သို့အဆင်းသဏ္ဌာန် မည်ကဲ့သို့ တည်နေရမည်၊ အံတော်ဓာတ် ဖြစ်ခဲ့လျှင် မည်ကဲ့သို့ ပုံသဏ္ဌာန် တည်နေရမည်၊ စွယ်တော်ဖြစ်ခဲ့လျှင် မည်သို့ ပုံသဏ္ဌာန်ရှိရမည် ဟူသော ပြဿနာရပ် ဖြစ်ပေါ်ရပေမည်၊ ထိုပြဿနာ အရပ်ရပ်ကို ဖြေရှင်းနိုင်သော ကျမ်းဂန် အထင်အရှား ခိုင်မာစွာပြ၍ ထုတ်ဖော် ရေးသည် ပညာရှင်တို့ တာဝန် မဟုတ်ပါလော။

သို့ဖြစ်၍ ဘုန်းတော် အနန္တ တန်ခိုးတော် အနန္တ အတုလ မြတ်ဘုရားသည် ဖြည့်ဆည်းပူးတော်မူသော ပါရမီတော်ကြောင့် အထက်အောက် ၂၀-စီမျှသော စွယ်တော် ၄-ချောင်း အပါအဝင် (စတ္တာလီသအဂ္ဂဒန္တ) အမျှလေးဆယ်၊ (၄၀) ရှိတော်မူသည်၊ (လူသာမန်တို့၌

၃၂-ချောင်းသာ ရှိသည်)၊ သွားရိုးရိုး အလယ်သွား ၄-ချောင်း ထက်အောက် အစွယ် ၄-ချောင်း တို့သည် အမြစ်တခု သွားရင်း အရိုးမြစ်တခုသာ ရှိသည်၊ သဏ္ဍာန်မှာ ဖူးသိုးစေ့သဏ္ဍာန် ပြားလျက်ရှိသည်။ အစွယ်မှာကား ကြက်ရိုး ပန်းငုံသဏ္ဍာန် အချွန်စွန်းတခုရှိသည်၊ အထက်အောက်အစွယ် ၄-ချောင်း အပြင်စွယ်ရံသွား ၄-ချောင်းမှာ သွားခြေအရိုးမြစ် ၂-ခု လှည့်ဦးထောက်ခွသဏ္ဍာန် အမြစ်ရှိသည်၊ထိုစွယ်ရံ ၂-ချောင်းမှ အပြင်ပကင်လျက် အံသွားတို့သည် ၂-ချောင်းစီ အံလယ် ၄-ချောင်းတို့သည် သွားရိုး အရင်းအမြစ် ၃-ခွရှိသည်၊ထိုအံလယ် ၄-ချောင်းမှ ပြင်တဘက် ၂-ချောင်းစီ ရောက်သော အံဆုံး ၄-ချောင်းသည် သွားရိုး အရင်း အခြေအမြစ် ၄-ခွရှိသည်၊ အဆင်းသဏ္ဍာန် အားဖြင့် ဖြူဖွေးသော အဆင်း ဖြူဝါသော အဆင်းရှိကြောင်းများကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ သုတ်မဟာဝါ ဝိနည်းမဟာဝါအဋ္ဌကထာ သုတ်ပါထေယျ အဋ္ဌကထာ သုတ်သီလက္ခန်ဋီကာပေါင်း တို့၌ မိန့်ဆိုချက်ရှိ ကြောင်းကို မောင်းထောင် သာသနာပိုင်လူထွက် မင်းဘိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံသို့ အတွင်းဝန်မင်းကြီး သိရိမဟာနန္ဒသင်္ကြံက ဘုရင့် အမိန့်တော်ဖြင့် ၁၁၉၃-ခု နယုန်လပြည့်ကျော် ၅-ရက် နေ့တွင် မေး ဖြေ ထားသည့် သာသနာလင်္ကာရစာတမ်း၌ အထင်အရှား ရှိပေသည်။

အထက်ပါ စကားရပ် အဆုံးအဖြတ် ပါဠိတော် အဋ္ဌကထာဋီကာကို ထောက်ဆသော အားဖြင့် ဤစာရေးသူ

သည် သွားတော်ခေတ်မှ အံတော်ခေတ်မြတ် အဖြစ် ထင်ရှားကြောင်း အထူးကြည်ညို သဒ္ဓါပိုလျက်-

“တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊ သမေ စိတ္တံ သမံ ဖလံ။

သက်တော်ထင်ရှား မြတ်ဘုရားကိုပင်ဖြစ်စေ၊ ပရိနိဗ္ဗာန် စံဝင်လွန်ပြီး ခေတ်တော်အသီးသီးကို ဖြစ်စေ တူမျှစိတ်ခေတ်၊ လွန်သည်းကပ်က၊ တူမျှကျိုးပေး၊ ရချေသေးတည်း”ဟူသော ဝိမာနဝတ္ထု ပါဠိတော် ဥဒါန်းကို ကျူးရင့်သိဆိုလျက် ကြည်နူးစွာ ဦးညွှတ် ပူဇော်ပါသတည်း။

## စိရံ တိဋ္ဌတု သဒ္ဓမ္မော

ဤစာ မှတ်တမ်း၊ မြတ်ဝတ်ပန်းဖြင့်၊ စိတ်ကြမ်း
မာန်လျော့၊ ကွန်ကန်တော့၏၊ မပေါ့ချစ်ခင်၊ အဖြစ်
မြင်လည်း၊ အရှင်တကာ၊ သည်းခံပါလော့၊ ဝိဒူ
ကတ်အရော၊ သိမ်မွေ့စွာသား၊ အဏ္ဏဝါဆင်း၊ ရွှေ
ယုန်မင်းသို့၊ ဖြန့်ခင်း ကျယ်ဘိ၊ တိုင်းမသိကို၊
ထောက်မိနေရော၊ ဉာဏ်ပညာဖြင့်၊ နှိုင်းခါရှာဖွေ၊
ဖြန့်ဖြူးဝေသည်။ ။ လွှမ်းစေကမ္ဘာ၊ ဗုဒ္ဓရောင်ဝါ
ကွန့်မြူးတည်း။

ဓမ္မာစရိယ

(ရမည်းသင်း သီလဝ)

## ဗုဒ္ဓအံတော် ဘုရားရှိခိုး

စိနရဋ္ဌမှာ အာဂတံ၊ စိနရဋ္ဌေဟိ ပူဇိတံ။
ဗုဒ္ဓဒန္တံ ဝန္ဒာမဟံ၊ ဩဒါတေဟိ သုမဏ္ဍိတံ။

စိနရဋ္ဌမှာ၊ စိန့်တိုင်းအတွင်း ကမ္ဘာမှာ သမိုင်းလင်းသည့် ပီကင်းမြို့နဂရာ သာယာအင့်မျိုး ကွမ်မိချီတဆုဇေါ် တရုတ်ဗုဒ္ဓဘာသာကျောင်းတော်ကြီးမှ။ အာဂတံ၊ မြန်မာတိုင်းဘွား တိုင်းရင်းသားတို့အကျိုးကို မြော်ကိုးသော်တက် ညွှာဒေသစာရီ ကြွချီတော်မူလာပေသော။ စိနရဋ္ဌေဟိ၊ တရုတ်ပြည်ဘွား စိန့်တိုင်းသားတို့ အားသားကော်ရော် အမြဲမပြတ် ပူဇော်အပ်ပေသော။ ဩဒါတေဟိ၊ နို့ရေ ယဉ်အလား ဖော်သားဖော်သွေး ဖြူဖွေးသော ရောင်ခြည်တော်တို့ဖြင့်။ သုမဏ္ဍိတံ၊ တလောကလုံး အံ့မဆုံးနိုင်သဖြင့် ယူကျုံးကာ ပမာတင်လောက်အောင် တန်ဆာဆင်အပ်ပေသော။ ဗုဒ္ဓဒန္တံ၊ ဗုဒ္ဓရှင်တော်၏ ကိုယ်ပွားတော်ဓာတ် အံတော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရိုသေ တနဲ့ဖြစ်၍ အလွန်ကြည်ရဲသဖြင့် စွဲမြဲကော်ရော် ပူဇော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

သာသနာ့ ညွှန်ကြားရေးဝန်

ပဋ္ဌမကျော် ဦးကြီးဖေ ရေးသားသည်။

## ဓာတ်တော် မွေတော် ဘုရားရှိခိုး

၁။ ခြောက်မည့်ရွှေဘုန်း၊ နေနှုန်းအသွင်၊
ကံတော်မြောက်မြား၊ တောက်ကြွားဉာဏ်ရှင်။
ကမ္ဘာ့မြေကြီး၊ တုန်ဟီးကောင်းကင်။
ဖျန်းဖျန်းကျူး၊ တန်ခိုးနံ့ပြင်။ ။

၂။ ဘုန်း-ကံ-ဉာဏ်ပိုး၊ တန်ခိုးတော်ရှင်၊
နိဗ္ဗူဓာတ်ကိန်း၊ ဇာတ်သိမ်းခါတွင်။
ရိုးတော်-သွေး-သား၊ မွေးဘွားရှစ်အင်၊
ကြွင်းကျန်ရစ်၊ ထွန်းသစ် ဓာတ်မွေ့ရှင်။ ။

၃။ ကြီး-ငယ်-အလတ်၊ မွေဓာတ်သုံးအင်၊
သားတော်မှဖြစ်၊ ပြီးလစ်ရွှေစင်။
ငါးကွမ်းစားလောက်၊ ပဲနောက်စေ့သွင်၊
သဒ္ဒါပွား၊ ဝပ်တွား ရှိပန်ဆင်။ ။

၄။ ဓာတ်တော်လတ်များ၊ မှတ်သားပြန်လျှင်၊
ပုလဲလုံးမှူး၊ ပြူးဆွရောင်လွင်။
ရိုးတော်ဖြစ်ငြား၊ ငါးကွမ်းစားလျှင်၊
သဒ္ဒါပွား၊ ဝပ်တွား ရှိပန်ဆင်။ ။

၅။ ဓာတ်တော်ငယ်သေး၊ မြတ်လေးနီသွင်၊
မုန်ညင်းစေ့လား၊ ကွမ်းစားခြောက်လျှင်။
သွေးတော်မှဖြစ်၊ ထွန်းသစ်ကြည်လင်၊
သဒ္ဒါပွား၊ ဝပ်တွား ရှိပန်ဆင်။ ။

၆။ နဖူးသင်းကျစ်၊ သစ်သစ်လွင်လွင်၊
သာသနာထွန်း၊ ကျွန်းသီဟိုဠ်တွင်။

ကြွမြန်းကိန်းဝပ်၊ တိမ်းညွတ်လူရှင်၊

သဒ္ဒါပွား၊ ဝပ်တွား ရှိပန်ဆင်။ ။

၇။ လက်ဝဲဓာတ်မျိုး၊ ညှပ်ရိုးမွေရှင်၊

ဗြဟ္မာဘုံနန်း၊ ကြွမြန်းစံရွှင်။

ဗြဟ္မာတရိုး၊ ရိုကျိုးအစည်၊

သဒ္ဒါပွား၊ ဝပ်တွား ရှိပန်ဆင်။ ။

၈။ လက်ျာညှပ်ရိုး၊ မြတ်နိုးတဖြင်၊

သာသနာထွန်း၊ ကျွန်းသီဟိုဠ်တွင်။

ကြွမြန်းကိန်းဝပ်၊ တိမ်းညွတ်လူရှင်၊

သဒ္ဒါပွား၊ ဝပ်တွား ရှိပန်ဆင်။ ။

၉။ လက်ျာထက်ဖျား၊ စွယ်သွားဖြူစင်၊

ဝတိန်ဘုံနန်း၊ ကြွမြန်းကြည်ရွှင်။

သိကြားနတ်တို့၊ အားထက်ဖူးမြင်၊

သဒ္ဒါပွား၊ ဝပ်တွား ရှိပန်ဆင်။ ။

၁၀။ လက်ျာအောက်ရပ်၊ စွယ်မြတ်ဓာတ်ရှင်၊

နဂါးငြာန၊ ဘောဂပြည်တွင်။

နတ်နဂါးတို့၊ ထပ်ပွားကြည်ရွှင်၊

သဒ္ဒါပွား၊ ဝပ်တွား ရှိပန်ဆင်။ ။

၁၁။ လက်ဝဲထက်ဖျား၊ စွယ်သွားဖြူစင်၊

သာသနာထွန်း၊ ကျွန်းသီဟိုဠ်တွင်။

ကြွမြန်းကိန်းဝပ်၊ တိမ်းညွတ်လူရှင်၊

သဒ္ဒါပွား၊ ဝပ်တွား ရှိပန်ဆင်။ ။

၁၂။ လက်ဝဲအောက်ရပ်၊ စွယ်မြတ်ဓာတ်ရှင်၊

ဂန္ဓာရတိုင်း၊ သမိုင်းအစည်။

တိုင်းသူပြည်သား၊ အများဖူးမြင်၊
သဒ္ဓါပွား၊ ဝပ်တွား ရှိပန်ဆင်။ ။

၁၃။ သွားတော်ဖြူဖွေး၊ မြတ်လေးအသွင်၊
ဆံတော်-မွေးညှင်း၊ မကြွင်းကုန်စင်။
စကြာတပါး၊ နတ်များယူငင်၊
သဒ္ဓါပွား၊ ဝပ်တွား ရှိပန်ဆင်။ ။

၁၄။ မျက်မှောင်တော်ကြား၊ နုထွားပေါ်ထင်၊
ဥဏ္ဏလုံဓာတ်၊ မွှေမြတ်တော်ရှင်။
တိုင်းကောသလ၊ မြန်းကြွစံရှင်၊
သဒ္ဓါပွား၊ ဝပ်တွား ရှိပန်ဆင်။ ။

## ပရိဘောဂ စေတီ ဘုရားရှိခိုး

၁။ သပိတ်မြသွေး၊ တောင်ဝှေးတဖေါ်၊
ဗြဟ္မာလှူဒါန်း၊ သင်္ကန်းရုံနော်။
ပြည်ဝဇီရ၊ မြန်းကြွစံပျော်၊
သဒ္ဓါပွား၊ ဝပ်တွား ရှိပူဇော်။

၂။ သင်းပိုင်ဒွာန၊ ကုလပြည်တော်၊
သီလပြည်တွင်း၊ ဒိပ်ခင်းအမော်၊
နေရာသီသီ၊ မငြိုးစံပျော်၊
သဒ္ဓါပွား၊ ဝပ်တွာ ရှိပူဇော်။ ။

၃။ ပါဒုလ်ဗိပုတ်၊ သမုတ်ပြည်တော်။
ဓမ္မကရိုဏ်တခန်း၊ ခပန်းကြိုးတော်။
စမ္ပာမယုတ်၊ ရေသနုပ်တော်။
သဒ္ဓါပွား၊ ဝပ်တွား ရှိပူဇော်။ ။

၄။ တိုင်းအဝန္တိ၊ နိသိဒိုင်ခေါ်၊
မြေအခင်းမျှ၊ ဒေဝတိုင်းမော်။
မိမိလာမှတ်၊ မိုးပွတ်တဖော်၊
သဒ္ဒါပွား၊ ဝပ်တွား ရှိပူဇော်။
၅။ ဝေဒေ-စံလစ်၊ ရေစစ်အမော်၊
အပ်ကျည်-ပဲခွပ်၊ နှစ်ရပ်စံပျော်။
ဇာနုပဏ္ဏ၊ နဂရအမော်၊
သဒ္ဒါပွား၊ ဝပ်တွား ရှိပူဇော်။
၆။ ဃဋိကာရ၊ နာမမည်ခေါ်၊
ဗြဟ္မာယူလတ်၊ မြတ်ဝတ်လဲတော်၊
ဗြဟ္မာဘုံနန်း၊ စံမြန်းပျော်ပျော်၊
သဒ္ဒါပွား၊ ဝပ်တွား ရှိပူဇော်။ ။
၇။ ကြွင်းကျန်သမျှ၊ ဗုဒ္ဓဆောင်တော်၊
အပရန္တ၊ တိုင်းမ စံပျော်။
ဗြဟ္မာလူနတ်၊ ဆည်းကပ်ကော်ရော်၊
သဒ္ဒါပွား၊ ဝပ်တွား ရှိပူဇော်။ ။

---

၈။ တရုပ်ပြည်မှ၊ မြန်းကြွအံတော်၊
ချစ်ကြည်မြတ်လေး၊အပ်ပေး ကော်ရော်။
ကြိုခဲကြိုရ၊ ဖူးရသနော်၊
နှစ်ပြည်သား၊ ရှည်လျား မေတ္တာတော်။ ။

**သာသနာ့ညွှန်ကြားရေးဝန်**
**မန္တမကျော် ဦးကြီးဖေ ရေးသားသည်။**

ရန်ကုန်မြို့ စာပေ ပညာ အသင်း

တည်းဖြတ်၍

သုဓမ္မဝတီ-ဦးပန်းမောင် က ဖြန့်ချိသည်။


သုဓမ္မဝတီစာပုံနှိပ်တိုက်

တိုက်နံပါတ် ၇၇၊ စစ်ကဲမောင်ခွင်လမ်း၊ ရန်ကုန်မြို့။

၁၃၁၇-ခု။